# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၃၇)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂-၈-၂၀၂၆၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

- ❖ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။
- ❖ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်း သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်မီဒီယာခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်း၏

စာမျက်နှာ ၃ သို့ ✪

## ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် ဓာတ်အားလိုင်း ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများသို့ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် အမှတ်(၁+၂) ဓာတ်အားလိုင်းတစ်လျှောက် လိုင်းအသေးစိတ်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ တာဝါတိုင်အမှတ် (၃၊ ၁၇၊ ၅၁၊ ၅၃၊ ၇၃) တာဝါ(၅)တိုင်တွင် Jumper ကြိုးများ

စာမျက်နှာ ၃ သို့ ❑



## ပုဂံမြစေတီ ရာဇကုမာရ်ကျောက်စာရုံအတွင်း ငွေကြေးလှူဒါန်းခြင်းမပြုရန် အသိပေးထုတ်ပြန်



ရန်ကုန် ဩဂုတ် ၁

ပုဂံမြို့ဟောင်း မြင်းကပါကျေးရွာတွင် တည်ရှိသည့် မြစေတီဘုရားရှိ ရာဇကုမာရ်ကျောက်စာထားရှိရာ ကျောက်စာရုံအတွင်းသို့ ဘုရားဖူးပြည်သူများအနေဖြင့် ငွေကြေးလှူဒါန်းမှု မပြုလုပ်ကြရန် အသိပေးထားပြီး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

စာမျက်နှာ ၄ သို့ ◆

## ယနေ့ ဖတ်စရာ အညွှန်း

ကလေးငယ်များ၏ ပညာရေးနှင့် ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် စခရင်ကြည့်ချိန်ဆိုင်ရာ သုတေသနရလဒ်သစ် ထွက်ပေါ်လာ

စာမျက်နှာ ၇

မိမိဘာသာမျိုးပွားနိုင်သော စပ်မျိုးစပါးများ ထုတ်လုပ်နိုင်ရန် တရုတ်ပညာရှင်များ ကြီးမားသည့်ခြေလှမ်း လှမ်းလိုက်နိုင်ပြီ

စာမျက်နှာ ၈

စိမ်းလန်းစိုပြည်သာယာလှပသော အနာဂတ်ကို ဖန်တီးရှင်များ(ဆောင်းပါး)

စာမျက်နှာ ၁၄

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသောအယ်လ်နီညိုအခြေအနေတွင် တည်ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်လ် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

စာမျက်နှာ ၃ သို့ ■

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုဖြင့် ဂုဏ်ယူပါ

ရိုးရာဟူသည် မိဘစဉ်ဆက်ကျင့်သုံးခဲ့သော အလေ့အထဖြစ်သည်။ တစ်နည်းအားဖြင့် မျိုးရိုးစဉ်ဆက်လက်ခံကျင့်သုံးခဲ့သော ဓလေ့ထုံးစံများပင်ဖြစ်သည်။ မြန်မာတို့တွင် ခေတ်အဆက်ဆက်ကပင် ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုရှိခဲ့ကြသည်။

ဝတ်စားဆင်ယင်မှုသည် လူသားတိုင်းအတွက် လွန်စွာအရေးကြီးလှသည်။ မြန်မာတို့သည် မိမိရိုးရာအလိုက် ဝတ်စားဆင်ယင်လေ့ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သိလိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို လေ့လာနိုင်းယှဉ်နိုင်သည်။ မြန်မာတို့တွင် ရှေးခေတ်အဆက်ဆက်ကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ကြသည်။ ယဉ်ကျေးမှုတွင် ဝတ်စားဆင်ယင်မှုသည်လည်း အပါအဝင်ဖြစ်၍ အရေးကြီးပါသည်။

ဝတ်စားဆင်ယင်မှုဆိုင်ရာ မြန်မာ့ရိုးရာဓလေ့တို့သည် ကာလဒေသကိုလိုက်၍ ကွဲပြားမှုရှိသော်လည်း ရာသီဥတုသဘာဝပတ်ဝန်းကျင်နှင့်လိုက်ဖက်သော ဣန္ဒြေသိက္ခာကို ထိန်းသိမ်းပေးသော အစဉ်အလာမှာမူမကွဲပြားချေ။ မြန်မာတို့သည် နေရာဌာနအလျောက် ဝတ်စားဆင်ယင်ကြသည်။ ထို့ပြင်ကျောင်း၊ ရုံး၊ ဈေးစသည်တို့နှင့်သင့်တော်မည့်ဝတ်စုံကိုသာ ဝတ်ဆင်ကြသည်။ ဘာသာရေး၊ လူမှုရေးနှင့် ပတ်သတ်သော ပွဲလမ်းသဘင်တို့တွင်မူ ပွဲထိုင်ဝတ်စုံကို ဝတ်ဆင်လေ့ရှိသည်။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ဂုဏ်ယူရမည်ဖြစ်သည်။ မြန်မာတို့သည် ဝတ်စားဆင်ယင်မှုတွင်လည်း ကိုယ့်မြေကိုယ့်အခြေအနေနှင့် လိုက်လျောညီထွေအောင် တီထွင်ဝတ်ဆင်ခဲ့ကြသည်။ မြန်မာတို့သည် ဟီရိဩတ္တပ္ပတရားပြည့်စုံစွာ မောင်နှင့်နှမ၊ သားနှင့်အမိ မြင်ရုံဖြင့် မတင့်တယ်သော အဝတ်အစားများကို မဝတ်ဆင်ကြပါ။ ထိုမြတ်နိုးဖွယ်မြန်မာတို့၏ အကျင့်စရိုက်ကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ မြန်မာအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စနစ်တကျ သန့်ရှင်းသပ်ရပ်လုံ့ခြုံစွာ ဝတ်ဆင်သင့်ပါသည်။

သို့သော် ပြောင်းလဲလာသော ခေတ်စနစ်အရ မြန်မာ့ဝတ်စုံတို့၏နေရာတွင် အနောက်တိုင်းဝတ်စုံများက ဝင်ရောက်နေရာယူလာခဲ့သောအခါ အမျိုးသမီးများ၏ သဘောသဘာဝအတိုင်း နိုင်ငံခြားဖြစ်အထည်တို့၏ ဖြားယောင်းမှုနောက်သို့ ပါခဲ့ရတော့သည်။ မြန်မာအမျိုးသမီးတို့ ကိုယ်တိုင် ရက်ကန်းရက်ကာ အပင်ပန်းခံစရာမလိုတော့သော်လည်း မြန်မာတို့၏ အိမ်တွင်းမှုနှင့် ရက်ကန်းပညာတို့မှာမူ မေးမှိန်ပျောက်ကွယ်မည်ကိုစိုးရိမ်ရသည်။ ထို့ပြင် နိုင်ငံခြားမှ မင်းသား၊ မင်းသမီး သရုပ်ဆောင်တို့၏ အပြုအမူ ဝတ်စားဆင်ယင်မှုများက မြန်မာတို့ကို လမ်းလွဲလိုက်စေရန် မြူဆွယ်နေကြသည်ကို သတိပြုဖို့လိုမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာလူငယ်များအနေဖြင့် အနောက်တိုင်းယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့တွင် လမ်းလွဲမလိုက်ရန် တစ်နည်းအားဖြင့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်သင့်လှပါသည်။

သို့ဖြစ်ရာမြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသူများဖြစ်ပြီး မိမိတို့ယဉ်ကျေးမှုနှင့် လိုက်ဖက်ညီသော ဝတ်စားဆင်ယင်မှုများကို ရိုးရာမပျက်ဝတ်ဆင်ခြင်းဖြင့် မြန်မာလူမျိုးဖြစ်ရခြင်းအပေါ် ဂုဏ်ယူသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

**၁ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

---

## မန္တလေးမြို့နယ်အတွင်းရှိ ပိုးသတ်ဆေး သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအား ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ ရှင်းလင်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေးမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးသိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအား ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ ရှင်းလင်းခြင်း Thiamethoxan နှင့် Chothianidin ပိုးသတ်ဆေး နှစ်မျိုးကို နှစ်စ်ပိတ်ပင်သည့်ကိစ္စအား ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီလာသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က ဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များ၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဦးလှမိုးကျော်က ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေများနှင့် ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ယဉ်မိုးအေးက ပိုးသတ်ဆေး လုပ်ထုံးလုပ်နည်းများ အသီးသီးရှင်းလင်းဆွေးနွေးပြောကြားပြီး အဆိုပါဆွေးနွေးပွဲသို့ လုပ်ငန်းရှင် ၄၉ ဦး၊ ဝန်ထမ်း ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

---

## မဟာအောင်မြေမြို့နယ်၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ၃၅လမ်း၊ ၈၂ လမ်းထောင့်ရှိ လှရတနာဓမ္မဗိမ္မာန်၌ ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့်




ဆေးကုသရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝင်း ဦးစီး၍ အထွေထွေရောဂါကုပါရဂူကြီး ခြောက်ဦး၊ သူနာပြုအရာရှိ ခုနှစ်ဦး၊ ဆေးမှူး နှစ်ဦး၊ အကူနှစ်ဦး ပေါင်း(၁၇)ဦးတို့မှ ရပ်ကွက်အတွင်းရှိပြည်သူများအား ဆေးကုသမှုပေးခဲ့ရာ အထွေထွေဆေးကုသသူ ရပ်ကွက်နေပြည်သူ ကျား(၆၃)ဦး မ(၁၂၀)ဦး စုစုပေါင်း(၁၈၃)ဦး တို့အား လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆေးကုသမှု ပြုလုပ်ရာနေရာသို့ မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်မှ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ရတနာဘုမ္မိအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်စိုးနှင့် ရပ်မိရပ်ဖများမှလိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

(ဝဲပုံ)

**အောင်ဇော်မင်း**

ဝ-ဝ-ဝ-ဝ-ဝ

---

## လူငယ်ပန်းချီဆရာ ကျန်ကျောင်း၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

လူငယ်ပန်းချီဆရာ ကျန်ကျောင်း၏ ပထမဆုံး တစ်ကိုယ်တော် (1st Solo Exhibition) "Hidden Layers" ပန်းချီပြပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂(A) လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တဝါ အနုပညာပြခန်းတွင် ပြသလျက်ရှိကြောင်း သိရသည်။

ပြပွဲတွင် ဆီဆေးပန်းချီ(Oil Painting) လက်ရာများကိုသာ အရွယ်အစားမျိုးစုံဖြင့် ပြသထားပြီး ပန်းချီကားတန်ဖိုးများကို အနည်းဆုံး ငွေကျပ် ၂ သိန်းခွဲမှ အများဆုံး ငွေကျပ် ၁၅ သိန်းအထိ သတ်မှတ်ရောင်းချထားကြောင်း သိရသည်။

ပန်းချီဆရာ ကျန်ကျောင်းသည် အသက် ၂၉ နှစ်အရွယ် လူငယ်ပန်းချီဆရာတစ်ဦးဖြစ်ပြီး အဖ ဦးထွန်းလွင်နှင့် အမိ ဒေါ်မြင့်နွယ်တို့၏ သားသုံးယောက်အနက် အကြီးဆုံးသားဖြစ်သည်။

ထို့ပြင် ၄င်းသည် ယခင်က "Untitled" (2023)၊ "Autumn Rhythm" (2024) နှင့် "Kinetic" (2025) Group Show ပန်းချီပြပွဲများတွင်လည်း ပါဝင်ပြသခဲ့ဖူးကြောင်း သိရသည်။

(အောက်ပုံ)

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ဝ၉-၇၅၁၁၇ဝ၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“ လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။ ”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

◎ ရွှေဖုံးမှ

ရည်ရွယ်ချက်မှာ လွှတ်တော်အကြောင်း မိတ်ဆက်ပေးရန်နှင့် လွှတ်တော်နှင့် ပြည်သူ၊ လွှတ်တော်နှင့် သတင်းမီဒီယာများအကြား ထိတွေ့နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးများလည်း ဤခန်းမ၌ပင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည့် အစဉ်အလာရှိပါကြောင်း။

အလားတူ နိုင်ငံတကာလွှတ်တော်များ၌လည်း သတင်းစာရှင်းလင်းပွဲများ ကျင်းပလေ့ရှိပါကြောင်း၊ အဓိကတာဝန်ဖြစ်သော ဥပဒေကြမ်းများပြုစုပြီးစီးချိန်နှင့် လွှတ်တော်၏ ပုံမှန် အစည်းအဝေးသက်တမ်းတစ်ခုပြီးဆုံးချိန်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်လေ့ရှိရာ ယခုသတင်းစာရှင်းလင်းပွဲမှာ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပြီးဆုံးချိန်တွင် ကျင်းပခြင်းဖြစ်ပါကြောင်း။

လွှတ်တော်နှင့်ပတ်သက်၍ အနည်းငယ်မိတ်ဆက်ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြပြီး အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးမှ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ လာရောက်စုစည်းထားသည့် နေရာဖြစ်ကြောင်း၊ လွှတ်တော်တွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral System) နှင့် လွှတ်တော်တစ်ရပ်တည်းစနစ် (Unicameral System) ဟူ၍ အမျိုးအစားများ ရှိပါကြောင်း၊ နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေနှင့် တိုင်းရင်းသားလူမျိုးများ ပါဝင်ဖွဲ့စည်းမှုအပေါ် မူတည်၍ နိုင်ငံတကာတွင် လွှတ်တော်နှစ်ရပ်ရှိသည့်နိုင်ငံများ ရှိသကဲ့သို့ လွှတ်တော်တစ်ရပ်တည်း ကျင့်သုံးသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့် လူဦးရေ ၅၁ သန်းကျော်ရှိပြီး လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း၊ ယနေ့ သတင်းစာရှင်းလင်းပွဲသည် အခြားနိုင်ငံများ၌ အောက်လွှတ်တော်ဟုခေါ်ဝေါ်သည့် ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ကို နယ်မြေနှင့်လူဦးရေအပေါ် အခြေခံ၍ မြို့နယ် ၃၃၀ အတွက် ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ နှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀၊ စုစုပေါင်း ၄၄၀ ရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် လစ်လပ်နေရာများရှိနေသဖြင့် ကိုယ်စားလှယ် ၃၅၁ ဦးဖြင့်သာ ဖွဲ့စည်းထားပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန် (၄)ရပ်ရှိရာ ပထမတာဝန်မှာ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ရှိ အကြီးအကဲများကို ရွေးချယ်အတည်ပြုပေးရခြင်း ဖြစ်ပါကြောင်း၊ ဒုတိယတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပြီး လက်ရှိတည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တတိယတာဝန်အနေဖြင့် ကျန်မဏ္ဍိုင်များကို ပေါင်းစပ်ညှိနှိုင်းခြင်း(Check and Balance) ပြုလုပ်ရပြီး စတုတ္ထတာဝန်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူကို ကိုယ်စားပြုခြင်း (Represent) အဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

အဆိုပါတာဝန်များကို အကောင်အထည်ဖော်ရန် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားပြီး အမြဲတမ်းကော်မတီ (Standing Committee) ၄ ခုနှင့် သီးခြားကော်မတီ (Select Committee) ၁၈ ခု၊ စုစုပေါင်း ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီများကို လွှတ်တော်ငယ်များ သို့မဟုတ် လွှတ်တော်၏ ထောက်တိုင်များဟု ခေါ်ဆိုကြပြီး လွှတ်တော်လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အလွန်အရေးပါကြောင်း။

လွှတ်တော်သည် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးပေးသည့် ကြားခံအဖွဲ့အစည်းဖြစ်ပြီး “ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက်လွှတ်တော်က ဖော်ဆောင်ရွက်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် လွှတ်တော်နှင့်ပြည်သူအကြား ချိတ်ဆက်ပေးရန်နှင့် ပြည်သူယုံကြည်အားကိုးရသော နိုင်ငံတော်အတွက် အထောက်အကူပြုသည့် လွှတ်တော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝိုင်းဝန်းကူညီပေးကြရန် ရည်ရွယ်၍ ယခုသတင်းစာရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာနန္ဒာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် စုစုပေါင်း ၄၈ ဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကကျပြီး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည်

နေပြည်တော် ဩဂုတ် ၁

ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကကျပြီးအစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ဥပဒေပါ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိစက်မှုဇုန်ရှိ Maple Win အထည်ချုပ်စက်ရုံနှင့် ချင်းတွင်းတံခွန်အထည်ချုပ်စက်ရုံများတို့၌ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (OSH) ကော်မတီဝင်များ၊ အလုပ်သမားများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။



ထို့နောက် စက်ရုံ၌ လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် လုပ်ငန်းခွင်အရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှု အားပေးသည်။ (ဓာတ်ပုံ)

ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်ရာတွင် အာမခံအလုပ်သမားများအား လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပေးခြင်း၊ နောက်ဆက်တွဲရောဂါများဖြစ်ပွားမှု နည်းပါးစေရန် လိုက်နာဆောင်ရွက်ရမည့် အမူအကျင့်များကို အသိပညာပေးပြောကြားခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးဝါးထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလုပ်သမား ဝန်ကြီးဌာနသည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တွင် အကျုံးဝင်အလုပ်ဌာနပေါင်း ၁၁၃၅ ဌာနနှင့် အာမခံအလုပ်သမားဦးရေ ၂၈၉၆၀ ရှိပြီး မြို့နယ်လူမှုဖူလုံရေး ဆေးခန်းသုံးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ ဌာနကြီးဆေးခန်း လေးခန်းတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက် ရှိသလို တိုင်းဒေသကြီး / ပြည်နယ်များရှိ အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ခေတ်မီဆေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ ရွှေဖုံးမှ

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။

မိုး/ဇလ

❑ ရွှေဖုံးမှ

ကြိုးလွှန်းဖွာနေခြင်း၊ ကြေသီးတွဲများ ကွဲနေခြင်းနှင့် Arching Horn များ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရပါသဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ် တည်ငြိမ်မှုကို မြှင့်တင်နိုင်ပြီး မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ရေပေါင်းဆုံနှင့် ယင်းမာပင်မြို့နယ်များတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

# လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှု လျော့နည်းပပျောက်စေရန် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများ လျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုအခါ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုကို လျော့နည်းပပျောက်စေရန်အတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်းနှစ်၂၀ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများအား မီတာများ လျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ Digital Smart Meter များအား အသုံးပြုမည့်ပြည်သူများလက်ဝယ်သို့ မဖြန့်ဖြူးမီလုံခြုံရေး Seal ခတ်နှိပ်နေသည့် မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအား အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နေသည့် AMI Control Center နှင့် ဓာတ်အားကွပ်ကဲရေးဌာနခွဲ (နေပြည်တော်) ရှိ National Control Center တို့ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအပိုင်း၌ နေ့စဉ်ပို့လွှတ်သည့် ဓာတ်အားပမာဏ၏ ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၁၀ ဒသမ ၇ ယူနစ်သန်းခန့် ဆုံးရှုံးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့် ပျမ်းမျှ ငွေကျပ်သန်းပေါင်း ၂၇၅၀ ကျော် နေ့စဉ်ဆုံးရှုံးလျက်ရှိသည့်အတွက် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံ (Infrastructure) များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် လျှပ်စစ်ဓာတ်အား သုံးစွဲလိုသူ ပြည်သူများအနေဖြင့်လည်း သုံးစွဲနိုင်မှုအခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဘက်စုံမှတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့်လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာ ကိုးရွာရှိ လူဦးရေ ၈၃၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

လေးမျက်နှာ ဩဂုတ် ၁

ဝန်တာ ကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက်ငါးခုနှင့် ကျေးရွာ ကိုးရွာရှိ အိမ်ခြေ ၁၇၃၄ လုံး၊ အိမ်ထောင်စု ၁၇၆၄ စုမှ လူဦးရေ ၈၃၈၂ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာဖိုးငွေကျပ်သန်း ၄၁ ဒသမ ၉၁၀ နှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥနှင့် ရေသန့်စသည့် အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၄၁ ဒသမ ၆၅၁ သန်းကျော် စုစုပေါင်း တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားသောက်ဖွယ်ရာများကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ စာရေးကွင်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။



ဆက်လက်၍ တာအလျားပေ ၃၀ ခန့်တွင် ငါးပေ နိမ့်ဆင်းပြီး အကျယ်ပေ ၁၇၀ ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်တည်ဆောက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် လေးမျက်နှာမြို့ပေါ် ရပ်ကွက်များတွင် လူနေအိမ်များအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များက ရေဘေးသင့် ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ရွှေဖုံးမှ

မြန်မာလူမျိုးတို့၏ သဒ္ဓါတရားနှင့်ယုံကြည်ကိုးကွယ်မှုအရ ပြည်တွင်းဘုရားဖူး ခရီးသွားအများစုသည် မြစေတီဘုရားသို့ ရောက်ရှိချိန်တွင် ရာဇကုမာရ်ကျောက်စာထားရှိရာ ကျောက်စာရုံအတွင်းသို့ ငွေကြေးများ ပစ်သွင်းလှူဒါန်းလေ့ရှိကြသည်။ အဆိုပါ ကျောက်စာတိုင်သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ် ကျောက်စာဖြစ်သဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်း ထိခိုက်ပျက်စီးမှုမရှိစေရေး၊ သုတေသီများ၊ ပြည်တွင်း/ပြည်ပခရီးသွားများနှင့် ကျောက်စာလေ့လာလိုသူများအတွက် အနှောင့်အယှက် မဖြစ်စေရေး၊ မြင်ကွင်းထိခိုက်မှု မရှိစေရေးတို့အတွက် ကျောက်စာတိုင်ကို ကာရံထားသည့် သံတိုင်အတွင်းသို့ ငွေလှူဒါန်း၍ မရနိုင်စေရန် သံဆန်ခါအစိတ်ဖြင့် ထပ်မံကာရံသွားမည် ဖြစ်သည်။

ဘုရားဖူးပြည်သူများအနေဖြင့် မြစေတီဘုရားတွင် အလှူငွေ လှူဒါန်းလိုပါက ဂေါပကအဖွဲ့က သတ်မှတ်ထားရှိသည့် အလှူခံပုံးများနှင့် သတ်မှတ်နေရာများ၌သာ စနစ်တကျ လှူဒါန်းကြရန်လည်း အသိပေးထားသည်။ ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးထားသည့် ရာဇကုမာရ်ကျောက်စာသည် မြန်မာစာပေသမိုင်းတွင် အပြည့်စုံဆုံးနှင့် မြန်မာစာအရေးအသား အစောဆုံး ကျောက်စာအဖြစ်ထင်ရှားပြီး ၂၀၁၅ ခုနှစ်တွင် ယူနက်စကို (UNESCO) ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်း (Memory of the World Register)ဝင်အဖြစ် သတ်မှတ်ခံထားရသည့် ကျောက်စာတစ်ချပ် ဖြစ်သည်။

TWA

# မကွေးမြို့ အမှတ်(၃)အခြေခံပညာကျောင်း၌ ကျောင်းသား ကျောင်းသူများ တစ်သျှူးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

မကွေး ဩဂုတ် ၁

အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် မကွေးမြို့ရှိ အမှတ်(၃) အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ကျောင်းဝင်းအတွင်း တစ်သျှူးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များလည်း တက်ရောက် စိုက်ပျိုးပေးကြသည်။



ယနေ့တွင် တစ်သျှူးငှက်ပျောပင် စုစုပေါင်း ၇၀၀ ကို စုပေါင်းစိုက်ပျိုးကြပြီး ကျောင်းသား ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးအတွက် တစ်သျှူးငှက်ပျောပင်များကို တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆက်လက်စိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ ခြင်ကြောင့် ဖြစ်ပွားသည့် ရောဂါများနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး မင်းရပ် ရပ်ကွက်၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ဆေးစိမ်ခြင်ထောင်များကို ဖြန့်ဝေခဲ့သည်။

ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါ်ဇာဇာစိမ်းက ပြည်သူများနှင့် ဆွေးဆုံ၍ ခြင်ကြောင့်ဖြစ်ပွားတတ်သည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါများ အကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ဆေးစိမ်ခြင်ထောင်များကို ပေးအပ်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ KNU ၊ AA ၊ ABSDF ၊ SAF နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အမျိုးသား ၂၈၀၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်း အပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ KNU၊ AA၊ ABSDF၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။




အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစား သေနတ်နှစ်လက်၊ MA -2 အမျိုးအစား သေနတ်တစ်လက်၊ MA -3 အမျိုးအစား သေနတ်တစ်လက်၊ MA -4 အမျိုးအစား သေနတ်တစ်လက်၊ M-22 အမျိုးအစား သေနတ်တစ်လက်၊ Type 81 အမျိုးအစား သေနတ်နှစ်လက်၊ ပွိုင့် ၂၂ စနိုက်ပါအမျိုးအစား သေနတ်တစ်လက်၊ လက်လုပ်သေနတ်တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၇၃ခု၊ ကျည်မျိုးစုံ ၆၇၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ်ကိုးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံး အတွက် ဆုကြေးငွေကျပ် ၃၆ သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများ အတွက် ငွေကျပ် ၂၉၁ သိန်း စုစုပေါင်း ဆုကြေးငွေကျပ် ၇၈၂ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။

ယနေ့ အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှု အနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသားလေးဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသားနှစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၄၃ ဦး၊ အမျိုးသမီးရှစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသားနှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသားကိုးဦး၊ အမျိုးသမီးတစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသားနှစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၈၇ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၃၆ ဦး၊ အမျိုးသမီးနှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီးလေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသားလေးဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး၊ တောင်သာမြို့နယ်မှ အမျိုးသားနှစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ချောက်မြို့နယ်မှ အမျိုးသားငါးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားခြောက်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသားသုံးဦး၊ မင်းလှမြို့နယ်မှ အမျိုးသားနှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား၂၁ ဦး၊ အမျိုးသမီးနှစ်ဦး ပေါင်း အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင် အတွင်းဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

၁။ သူငယ်ချင်းတွေရဲ့ တိုက်တွန်းမှုနဲ့ အိမ်က အဆင်မပြေမှုတွေကြောင့် ရောက်သွားတာပေါ့။ အဲဒီအဖွဲ့အစည်းမှာ ကျွန်တော် သင်တန်းနှစ်ပတ် တက်ခဲ့ရပါတယ်။ အဖွဲ့အစည်းမှာ မနေချင်တော့တဲ့ အကြောင်းရင်းတစ်ခုကတော့ ကျွန်တော်တို့ကို ရှေ့တန်းမှာ အသေခံပုံစံမျိုးကြီးထားထားတာ။ ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့သေ သူတို့မသေရင်ပြီးတာပဲ။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သဘောနဲ့ ကျွန်တော်တို့ကို ထားထားတယ်။ သေနတ်ကိုလည်း မကောင်းတဲ့ GUN နဲ့ ကောင်းတဲ့ GUN ဆို မကောင်းတဲ့ GUN က သုံးလလောက်နဲ့ ကောင်းတဲ့ GUN က တစ်လလောက်ပဲ ပေးထားတယ်။ သူတို့ကတော့ ရွာထဲကို သွားပြီးတော့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့။ ကျွန်တော်တို့ဆီမှာတော့ ဘာပျော်ရွှင်မှု၊ ဘာလွတ်လပ်ခွင့်မှ မရှိဘူး။ နောက်ပြီးတော့ ခေါင်းဆောင်ပိုင်းတွေ ရှိတယ်၊ အလှူခံ အလှူခံဆို သူတို့အိတ်ထဲကို ထည့်တယ်။ သူတို့ မိန်းမတွေဆီ လွှဲပေးတယ်။ သူတို့သားသမီးတွေ ကောင်းစားဖို့အတွက် လုပ်နေတာ။ တန်းစီကွင်းထဲရောက်တိုင်းလည်း အမြဲတမ်းပြောတယ်၊ တပ်မတော်ဘက်ကို သွားရင် နင်တို့ကို ညှဉ်းပန်းနှိပ်စက်မယ်၊ သတ်မယ်၊ အရှင်လတ်လတ် မီးရှို့တာတွေရှိတယ်။ ကျွန်တော် အခုရောက်တော့ အဲလိုမဟုတ်ဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်၊ နေစရာ ထိုင်စရာ ပေးတယ်၊ စားစရာပေးတယ်၊ ထောက်ပံ့တယ်၊ မိဘထံ ပြန်အပ်နှံပေးတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေလည်း အမြန်ဆုံး တပ်မတော်နဲ့ ပူးပေါင်းပြီး အလင်းဝင်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။

၂။ ညီမ ဒီထဲကို စရောက်တာကတော့ ညီမ သူငယ်ချင်း တစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ စရောက်တာပါ။ သူငယ်ချင်းက ဒီထဲကို လာခဲ့ဖို့ခေါ်တော့ ကျွန်မလည်း အဆင်ပြေပြေနဲ့ဆိုတော့ ရောက်သွားတယ်။ ရောက်သွားတော့ ကျွန်မ အဲဒီမှာ တစ်လ သင်တန်းတက်ခဲ့ရတယ်။ တစ်လ သင်တန်းတက်ခဲ့ပြီး ကျွန်မတို့ကို စားဖိုဆောင်မှာ တာဝန်ထမ်းဆောင်ခိုင်းတယ်။ ကျွန်မတို့ စားဖိုဆောင်မှာ တစ်ပတ်တစ်ခါ အသီးအရွက်နဲ့ ဆန်ရိက္ခာတွေ လာပို့တယ်။ လာပို့တဲ့အချိန်မှာ ကျွန်မတို့ တစ်နေ့ကို ထမင်းနှစ်နပ်စာပဲ စားရတယ်။ တစ်ခါတလေ ခရမ်းချဉ်သီး တစ်ခွက်နဲ့လည်း ကျွန်မတို့ စားခဲ့ရတယ်။ ဒုက္ခတွေလည်း အများကြီးကြုံခဲ့ရတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို ထောက်ပို့ထီ ရောင်းခိုင်းတယ်။ ရွာတွေမှာ ထောက်ပို့ထီ ရောင်းရတယ်။ အစပိုင်းကတော့ ပြည်သူတွေက ကျွန်မတို့ကို ကြည်ဖြူတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို မကြည်ဖြူတော့ဘူး။ ထီရောင်းမယ်ဆိုလို့ရှိရင် ထောက်ပို့ထီလေးအားပေးပါဦး ကျွန်မတို့က ပြောလို့ရှိရင်တောင် 'သွားသွား မလာနဲ့၊ နင်တို့ကို လက်မခံတော့ဘူး၊နင်တို့ ထီတွေလည်း အားမပေးချင်တော့ဘူး' ဆိုပြီး ပြောခဲ့တယ်။ ကျွန်မတို့ ထောက်ပို့ထီတွေ ရောင်းလို့ရတဲ့ငွေတွေကို သူတို့အကြီးပိုင်းတွေဆီ အကုန်လုံးပြန်အပ်ရတယ်။ အဲဒီရတဲ့ငွေတွေကလည်း ဘယ်နေရာမှာ ဘယ်လိုသုံးတယ် ဆိုတာလည်း ကျွန်မတို့ကို မပြောခဲ့ဘူး။ ဒါပေမယ့် သူတို့ကတော့ အမြဲတမ်း KTV သွားတယ်၊ ဘီယာဆိုင်ထိုင်တယ်။ သူတို့ ကိုယ်ကျိုးအတွက်ပဲ အမြဲတမ်း ရှိတာ။ အောက်ကရဲဘော်တွေ ဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေ သူတို့ ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုးတွေနဲ့ ပိုဆိုးလာခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မက ဒီထဲမှာမနေချင်တော့တဲ့အတွက် ထွက်ပြေးလာခဲ့တာ။ ပြီးတော့ ကျွန်မတို့ အဲဒီထဲမှာနေခဲ့ရတဲ့ နှစ်နှစ်တာကာလအတွင်းမှာ ကျွန်မတို့အတွက် အသက်အာမခံဆိုတာ မရှိခဲ့ဘူး။ ကျွန်မတို့အတွက် လုံခြုံရေးဆိုတာလည်း မရှိခဲ့ဘူး။ ဘယ်အချိန် ကိုယ့်ကို ဘယ်လိုလုပ်မလဲဆိုတာ ပဲတွေးပြီး သူတို့ကို ကြောက်နေရတာ။ အဲဒီအချိန်မှာ ကျွန်မက ဒီထဲမှာ သူငယ်ချင်းတွေကလည်းအလင်းဝင်သွားတဲ့သူတွေ ရှိတဲ့အတွက် အလင်းလာပြီးတော့ ဝင်ရောက်တာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း ပြောချင်ပါတယ်။ သူတို့ပြောသလိုမျိုးပေါ့နော်၊ ဒီထဲကို အလင်းလာဝင်လို့ရှိရင်လည်း သတ်ဖြတ်ပြီးတော့ နှိပ်စက်နေတာ မဟုတ်ပါဘူးလို့။ ထင်သလိုမျိုး တစ်ခုမှမဟုတ်ပါဘူး။ အကုန်လုံးက မောင်နှမတွေလို နွေးနွေးထွေးထွေးနဲ့ ကြည်ကြည်ဖြူဖြူနဲ့ ကျွန်မတို့ကို စားသောက်အနေအထိုင်ကအစ အကုန်လုံးပြည့်စုံအောင် ထားတယ်။ အဲဒါကြောင့်မို့ တောထဲမှာနေတဲ့ PDF တွေအကုန်လုံးကို ဒီမှာ အလင်းလာရောက် ဝင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။





သတင်းစဉ်

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ပထမအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်

**ဂန့်ဂေါ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းနေအရွယ် ကလေးများအားလုံး အာဟာရပြည့်ဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်ကောင်းများစွဲမြဲစွာ ကျင့်သုံးတတ်စေရန် ရည်ရွယ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ပထမအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများကို ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ပထမအကြိမ်



ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် စုစုပေါင်း KG ကျောင်းသား၊ ကျောင်းသူ ၄၇၅ ဦးကို ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဆေးရုံအုပ် ဒေါက်တာဝင်းထိုက်၊ မြို့နယ်ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးဟန်စိုးစိုးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**မောင်မျိုးမင်း(ပြန်/ဆက်)**



# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်းပေး

**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဧရာဝတီမြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းများရှိ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦး၏ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေထိုင်မည့်နေရာ စီစဉ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ယမန်နေ့ နံနက်ပိုင်းအထိ ကံမမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားရပ် ဧရာဝတီမြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းများရှိ လူနေအိမ်များအတွင်း မြစ်ရေများ ဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၆၆ စုမှ မိသားစုဝင် လူဦးရေ ၂၄၃ ဦးတို့အား ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေး၍ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေထိုင်မည့်နေရာများအား စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**ဇော်ထက်(သရက်)**

*-*-*-*-*-*

# ဈေးရောင်း၊ ဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**ပွင့်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မဈေးရှိ ဈေးသူ၊ ဈေးသားများနှင့်တွေ့ဆုံ၍ ဈေးရောင်း၊ ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ဈေးဝယ်ရန် လာရောက်သည့်အခါတွင် ပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန်၊ ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ကြရန် အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ (၄၄၅)

# အသိလိမ္မာရက်တိုသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်းတို့ပူးပေါင်း၍ အသိလိမ္မာရက်တိုသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိင်္ဂီဋ္ဌေးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် သင်တန်းနည်းပြများဖြစ်သည့် ဆရာလျှမ်း(မန်းတက္ကသိုလ်)၊ ဆရာမြနန္ဒာဉာဏ်ဝေ၊ ဆရာယဉ်မွန်အောင်(မန္တလေး)၊ ဆရာစိုးဝင်း(ဆသရ)၊ ဆရာမသင်းသင်း(မန္တလာ)၊ ဆရာဟာမိုနီ၊ ဆရာမြန်မာမှုအေးပေါ်၊ ဆရာကချင်မြေကျော်ကြီး၊ ဆရာမစု(စံဇစံ)တို့က ဝတ္ထု၊ ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ English skills၊ မှုခင်းအခြေခံသိကောင်းစရာ၊ ဖတ်ကြားရေးဘာသာရပ်များအား ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိ ၂ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦးအား ရက်တိုသင်တန်းအဖြစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းဆင်းလက်မှတ်များကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**စင်မင်းမောင် ခရိုင်(ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် သတိပြုကာကွယ် ရေဘေးအန္တရာယ်အကြောင်း အသိပညာပေးနံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ပြည်သူများအနေဖြင့် မိုးရာသီကာလဖြစ်သည့်အတွက် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် သတိပြုကာကွယ်ရေး ရေဘေးအန္တရာယ်အကြောင်းအရာပါ အသိပညာပေးနံရံကပ်စာစောင်အား ယမန်နေ့ နံနက်ပိုင်းက ပြသခဲ့သည်။

အဆိုပါ နံရံကပ်စာစောင်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရမည့်အချက်များမှာ ဘုရားပန်းအိုး၊ အလှပန်းအိုးများကို တစ်ပတ်လျှင်နှစ်ကြိမ်တိုက်ချွတ်ဆေးကြောရေလဲခြင်း၊ ကြောင်အိမ်အောက်ခံခွက်များထဲသို့ ဆား၊ ဒီဇယ်၊ အင်ဂျင်ဝိုင်အဟောင်းများ လောင်းထည့်ခြင်း၊ ခြင်မခိုအောင်းနိုင်ရန် အိမ်တွင်းအိမ်ပြင်ရှင်းလင်းခြင်း၊ ရေလှောင်ကန်ကြီးများကို ပိုးလောက်လမ်းသေဆေး(Abate)ခတ်ခြင်း၊ ရေလှောင်ကန်များတွင် ပိုလောက်လမ်းစားငါးများ မွေးမြူရန်ထည့်ခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ရမည့်အချက်များမှာ ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ မုန်တိုင်းမတိုက်မီအချိန်(ကြိုတင်သတိပေးချက်ရရှိချိန်)၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်သည့်အန္တရာယ်များ၊ အရေးပေါ်သုံးပစ္စည်းများသင်နှင့်အတူရှိရန် ဆန်းစစ်ခြင်း၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ စသည့်အချက်များနှင့် ပြည်သူများ သိသင့်၊ သိထိုက်သောအချက်များဖြင့် အသိပညာပေးပြသထားကြောင်း သိရသည်။**နောင်နောင်(မိသနီးမြေ)**

# မိုင်းယောင်းမြို့နယ်၌ ကျေးရွာမြေပုံငှားဂရန် ပေးအပ်

**မိုင်းယောင်း ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးအုပ်စု၊ ဖကျောက်ခေတ်မီစံပြကျေးရွာခန်းမ၌ ယမန်နေ့က ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမောင်တို့က အမှာစကားပြောကြားပြီး ကျေးရွာမြေငှားဂရန်များအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက ပြည်သူများထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၅၀၅)



ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မိမိဘာသာ မျိုးပွားနိုင်သော စပ်မျိုးစပါးများ ထုတ်လုပ်နိုင်ရန် တရုတ်ပညာရှင်များကြီးမားသည့် ခြေလှမ်း လှမ်းလိုက်နိုင်ပြီ



**ပေကျင်း ဩဂုတ် ၁**

တရုတ်သိပ္ပံပညာရှင်များသည် မိမိဘာသာ မျိုးပွားနိုင်သော စပ်မျိုးစပါးများ ထုတ်လုပ်နိုင်ရေးအတွက် ကြီးမားသည့် ခြေလှမ်းတစ်ရပ်ကို လှမ်းလိုက်နိုင်ပြီဖြစ်ရာ ယင်းအောင်မြင်မှုသည် တောင်သူများအတွက် စပ်မျိုးစပါးမျိုးစေ့စရိတ်များကို သက်သာစေမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် စပ်မျိုးစပါး စိုက်ပျိုးမှုကိုလည်း ပိုမိုကျယ်ပြန့်လာစေနိုင်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီတာ သုတေသနဂျာနယ်တွင် မကြာသေးမီက ဖော်ပြခဲ့သည့် ထိုသုတေသန၌ မူလအပင်နှင့် လုံးဝနီးပါး ဆင်တူသော မျိုးစေ့များကို ထုတ်လုပ်ပေးနိုင်သည့် စပ်မျိုးစပါးမျိုးသစ်ကို စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သဖြင့် တောင်သူများသည် အထွက်နှုန်းကောင်းမွန်မှုနှင့် အခြားအားသာချက်များကို လျော့နည်းသွားခြင်းမရှိဘဲ ရိတ်သိမ်းရရှိသောမျိုးစေ့များကို ပြန်လည်စိုက်ပျိုးနိုင်မည်ဟုဆို သည်။

စပ်မျိုးစပါးများသည် ရိုးရိုးစပါးများထက် အထွက်နှုန်း ပိုမိုကောင်းမွန်ပြီး ခက်ခဲကြမ်းတမ်းသော စိုက်ပျိုးရေးရာသီဥတုအခြေအနေများကို ပိုမိုခံနိုင်ရည်ရှိကြောင်း သိရသည်။

Mon

0-0-0-0-0

0-0-0

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ



## လူပုံတူစက်ရုပ် ကုမ္ပဏီ ၁၀ ခုအနက် ၆ ခုမှာ တရုတ်နိုင်ငံမှဖြစ် အမေရိကန်ပြည်ထောင်စုထက် နှစ်ဆပိုမိုများပြားနေသည်ဟု ဆို

**ပေကျင်း ဩဂုတ် ၁**

ကမ္ဘာ့တီထွင်ဆန်းသစ်မှုအရှိဆုံး လူပုံတူစက်ရုပ်နည်းပညာသစ်စတင်တီထွင်သည့် ကုမ္ပဏီ ၁၀ ခုအနက် ၆ ခုမှာ တရုတ်ကုမ္ပဏီများဖြစ်ပြီး အမေရိကန်ပြည်ထောင်စုထက် နှစ်ဆပိုမိုများပြားနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ဥပဒေရေးရာသုတေသနပလက်ဖောင်းတစ်ခုဖြစ်သည့် လက်ဇစ်နက်ဇစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ တရုတ်ကုမ္ပဏီများက ထိပ်ဆုံး အဆင့် ၁ မှ ၅ အထိ သိမ်းပိုက်နိုင်ခဲ့သည်။

ထိုကုမ္ပဏီများမှာ ရှန်ဟိုင်းအခြေစိုက် ဖော်ရီယာနှင့် အဂီဘော့၊ ရှန်ကျန်းအခြေစိုက် လင်မ်အက်စ်ဒိုင်နေးမစ်နှင့် ပူဒူးရိုဘော့တစ်၊ ဟန်ကျိုးအခြေစိုက်ယူနီထရီးရိုဘော့တစ်တို့ဖြစ်ကြောင်း သိရသည်။

Mon

# ပြင်သစ်နိုင်ငံတို့မှ စပျစ်စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် စပျစ်သီးများကို ပုံမှန်ထက် စောစီးစွာ ရိတ်သိမ်းနေကြရ

**ရောမ ဩဂုတ် ၁**

အလွန်ပြင်းထန်သော နွေရာသီအပူချိန်များသည် ဥရောပသား သန်းပေါင်းများစွာ၏ နေ့စဉ်လူနေမှုဘဝကို အနှောင့်အယှက်ဖြစ်စေခဲ့သော်လည်း စပျစ်သီးများကို ပုံမှန်ထက် စောစီးစွာ ရိတ်သိမ်းနေကြရသည့် အီတလီနှင့် ပြင်သစ်နိုင်ငံတို့မှ စပျစ်စိုက်ပျိုးထုတ်လုပ်သူများအတွက်မူ ယခုကဲ့သို့ ပူပြင်းသော ရာသီဥတုသည် ကောင်းကျိုးနှင့် ဆိုးကျိုးနှစ်မျိုးလုံးကို ဆောင်ကြဉ်းပေးလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီတလီနိုင်ငံ မြောက်ပိုင်းရှိ စပျစ်စိုက်ပျိုးရေး ဒေသတစ်ခုဖြစ်သော အိုထရီပိုပေးဗီးစ်တွင် စပျစ်သီး ခူးဆွတ်ရိတ်သိမ်းမှုကို ဇူလိုင်လ၏ နောက်ဆုံးရက်များ၌ပင် စတင်ဆောင်ရွက်နေပြီဖြစ်ရာ ယင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။

အလားတူ ဖြစ်စဉ်မျိုးသည် ပြင်သစ်နိုင်ငံ တောင်ပိုင်းရှိ စပျစ်စိုက်ပျိုးရေးဒေသများတွင်လည်း ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

Mon





## ဟိုချီမင်းမြို့၌ အခမဲ့ ဘတ်စ်ကားစီးနင်းခွင့် အစီအစဉ်အပြီး ဘတ်စ်ကားစီးသူ အရေအတွက် ၃၉ ရာခိုင်နှုန်းထိ မြင့်တက်လာ

**ဟနွိုင်း ဩဂုတ် ၁**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ အခမဲ့ ဘတ်စ်ကားစီးနင်းခွင့် စတင်ပြုလုပ်ပေးခဲ့ပြီး တစ်လအကြာတွင် ဘတ်စ်ကားစီးသူအရေအတွက် ၃၉ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး မြေအောက်ရထား စီးနင်းသူ အရေအတွက်လည်း ယခင်နှစ် ကာလတူထက် ၁၅ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၁ ရက်နေ့မှ စတင်၍ မြို့အနှံ့ရှိ ဘတ်စ်ကားလမ်းကြောင်း ၁၃၄ လိုင်းစလုံးတွင် အခမဲ့ စီးနင်းခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လအတွင်း ဘတ်စ်ကားကွန်ရက်သည် ခရီးစဉ်ပေါင်း ၄၇၈၀၀၀ နီးပါး ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၈ ဒသမ ၄၈ သန်းကျော်ကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်ဟု ဟိုချီမင်းမြို့ ပြည်သူ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး လီဟွန်က ဇူလိုင် ၃၀ ရက်နေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးအတွက် အိန္ဒိယနိုင်ငံက ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ထောက်ပံ့ပေးရန် စီစဉ်

**နယူးဒေလီ ဩဂုတ် ၁**

အိန္ဒိယနိုင်ငံသည် စွမ်းအင်တင်သွင်းမှုအပေါ် လွန်ကဲစွာ မှီခိုနေရမှုကို လျှော့ချရန် ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ထောက်ပံ့ပေးသွားရန် ဇူလိုင် ၃၁ ရက်က အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့တတိယအကြီးဆုံး ရေနံတင်သွင်းသည့် နိုင်ငံနှင့် ဒုတိယအကြီးဆုံး ရေနံဓာတ်ငွေ့ရည်တင်သွင်းသည့် အိန္ဒိယနိုင်ငံသည် အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် ဟောမုဇ်ရေလက်ကြား ပိတ်ဆို့မှုများ၏ ကြီးမားသော ရိုက်ခတ်မှုများကို ကြုံတွေ့ခဲ့ရသည်။

ယင်းသက်ရောက်မှုများကို သက်သာစေရန်အတွက် အိန္ဒိယအနေဖြင့် ရုရှားနှင့် အာဖရိကနိုင်ငံအချို့ထံမှ ဝယ်ယူမှုများကို တိုးမြှင့်ခဲ့သည့်အပြင် ဗင်နီဇွဲလားနိုင်ငံ အပါအဝင် ရေနံစိမ်းဝယ်ယူသည့် နိုင်ငံအရေအတွက်ကို ၂၇ နိုင်ငံမှ ၄၁ နိုင်ငံအထိ တိုးချဲ့ခဲ့ကြောင်း သိရသည်။

Mon



# အရှိန်အဟုန်ပိုမိုအားကောင်းလာနေသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် တစ်ကမ္ဘာလုံး ပြင်းထန်သော ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်မည်

**ဝါရှင်တန် ဩဂုတ် ၁**

အရှိန်အဟုန်ဖြင့် ပိုမိုအားကောင်းလာနေသည့် အယ်လ်နီညိုဖြစ်စဉ်သည် ရှေ့လာမည့်လများအတွင်း ကမ္ဘာ့ရာသီဥတုပုံစံများပေါ် လွှမ်းမိုးသွားမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် ပြင်းထန်သော ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်မည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့က သတိပေးထားကြောင်း သိရသည်။


ယမန်နေ့က ထုတ်ပြန်ခဲ့သည့် ထိုအဖွဲ့၏ နောက်ဆုံးအစီရင်ခံစာတွင် ပုံမှန်အချိန်အခါအလိုက် ဖြစ်ပေါ်လေ့ရှိသော အဆိုပါ ရာသီဥတုဖြစ်စဉ်က ကမ္ဘာတဝန်း အပူလှိုင်းဖြတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရေကြီးရေလျှံခြင်းအန္တရာယ် ပိုမိုမြင့်မားလာစေနိုင်ကြောင်း တင်ပြထားသည်။

အာဖရိကနှင့် ဥရောပရှိ နိုင်ငံများတွင် အကြီးအကျယ် တောမီးလောင်ကျွမ်းမှုများကို ရင်ဆိုင်နေရပြီး တောင်အာရှတစ်ခွင်တွင်လည်း မုတ်သုံရာသီကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရချိန်တွင် အဆိုပါ အစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်၏ ပုံမှန်မဟုတ်သော အပူချိန်မြင့်တက်မှုသည် ရာသီဥတုစနစ်များကို အပြောင်းအလဲဖြစ်စေမည်ဖြစ်ပြီး ကမ္ဘာ့အပူချိန်များကိုလည်း ရုတ်တရက် မြင့်တက်လာစေမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသင်း(ဗဟို)(AEDA-Mdy) တို့ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် ရွှေမျိုးဆက်သစ်ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။



ရွှေဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားသည်။ မူးယစ်သမိုင်းကြောင်းကို တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက ပြောကြားပြီး အရက်၊ ကွမ်း၊ ဆေး ဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။ ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။ ဟောပြောပွဲသို့ အလုပ်အမှုဆောင် ဦးဇာနည်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၇၀)

၀-၀-၀-၀-၀-၀



## အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး

**ဖြူး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၉ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံအကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်နေ ဦးစန်းဝင်း(၆၄)နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ကိုမျိုးနိုင်အောင်(၂၆) နှစ်ဆိုသူ လိုက်ပါလာသည့် LIGHT TRUCK မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက် လားရာတူ ရှေ့မှအနေးယာဉ်ကြောပေါ်၌ ရပ်တန့်ထားသည့် ဇေယျာဝတီမြို့နယ်၊ မြို့မ(၂)ရပ်ကွက်နေ ဦးသန့်ဇင်ဦး(၃၇)နှစ်ဆိုသူ မောင်းနှင်သော DAYANG သုံးဘီးယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးစန်းဝင်းဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် အနေးယာဉ်ကြော ယာဉ်မရပ်ရနေရာတွင် ရပ်တန့်ထားသူ သန့်ဇင်ဦးဆိုသူနှင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ စန်းဝင်းဆိုသူတို့အား ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ကျိုက်ထို ဩဂုတ် ၁**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘိုက္ကားကျေးရွာ၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့မှ ကျိုက်ထိုမြို့ဘက်သို့ ကျိုက္ခမီမြို့၊ ရန်အောင်မြေရပ်ကွက်နေ ဦးခင်ဌေး(၄၆)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်ဝေဝေသူ(၃၂)နှစ်ဆိုသူနှင့် ရေးမြို့နယ်နေ ဦးဝေယံမင်းထွန်း(၃၆)နှစ်ဆိုသူ လိုက်ပါလာသည့် MITSUBISHI MINICAB မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင် တစ်ဖက်ယာဉ်ကြောမှ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်နေ ဦးမြတ်မောင်(၅၅)



နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်နော်လူးလူ(၄၀)နှစ်၊ ကျောက်ကြီးမြို့နယ်နေ ဒေါ်နော်သထူးမူး(၃၃)နှစ်နှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဦးမင်းမင်းထွန်း(၄၃)နှစ်ဆိုသူတို့ လိုက်ပါလာသည့် TOYOTA HILUX မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးမြတ်မောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်နော်လူးလူ၊ ဒေါ်နော်သထူးမူးနှင့် ဦးဝေယံမင်းထွန်းဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာ မောင်းနှင်သူ ခင်ဌေးဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ

**ကျိုက်ထို ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် ဖမ်းဆီးရမိခဲ့သည်။

(အောက်ပုံ)



ဖြစ်စဉ်မှာ ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စိန်ကုန်းရပ်ကွက်၊ ကျော်ထက်ကွေ့ မီးပွိုင့်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာကားလမ်းအတိုင်း ဝက်လက်မြို့နယ်နေ ဦးဟန်မင်းထွန်း(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် FORD RANGER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရသဖြင့် ဟန်မင်းထွန်းဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀

## ပြင်ဦးလွင် ဓာတ်တော်ချိုင့်ရေတံခွန်တွင် မိန်းကလေးတစ်ဦး ရေနစ်သေဆုံး

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ ဓာတ်တော်ချိုင့်ရေတံခွန်တွင် (ဝါဆိုလပြည့်နေ့) ၌ လာရောက်လည်ပတ်ခဲ့သည့် အသက်(၁၆)နှစ်အရွယ်မိန်းကလေး တစ်ဦး ချော်လဲပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့ကြောင်း သန္တိသုခလူမှုကူညီရေးအသင်းမှ သိရသည်။

သတင်းအရ မိန်းကလေးမှာ ရေတံခွန်အတွင်း ချော်လဲကာ အောက်ဘက်သို့ ပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်အပြီး သေဆုံးသူ၏ ရုပ်အလောင်းအား ပြင်ဦးလွင်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် သန္တိသုခလူမှုကူညီရေးအသင်းတို့က ဆယ်ယူ၍ ပြင်ဦးလွင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဒုတိယဝါဆိုလပြည့်နေ့ဖြစ်သည့် ဇူလိုင် ၂၉ ရက်တွင် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ အပန်းဖြေနေရာများ၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

# ပြည်ကြီးရန်လုံရပ်ကွက်၌ (ဒေသဖွံ့ဖြိုးတိုးတက်ရေး)ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၁၆လမ်းနှင့် ၈၆လမ်းထောင့်ရှိ သစ်လွင်ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက (ဒေသဖွံ့ဖြိုးတိုးတက်ရေး)ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးညီညီ(ခ)ဦးကျော်ဆန်း၊ ပြင်ဦးလွင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းဝင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝေဖြိုးအောင်၊ ပြည်ကြီးရန်လုံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၁၁၀ ခန့် တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးညီညီ(ခ)ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် (ဒေသဖွံ့ဖြိုးတိုးတက်ရေး)ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မိမိတို့၏ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်သူများက ဒေသဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**



# လူငယ်စကားဝိုင်းကျင်းပ

**မတ္တရာ ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် "လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်၊ လူငယ်များအချင်းချင်း အသိပညာ အတတ်ပညာများ ဖလှယ်နိုင်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စဉ်းစားတွေးခေါ်မှု စွမ်းရည်များ ရင့်သန်လာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက်၁၀နာရီက အ·ထ·က(မြို့သစ်)၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေးမှ အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်အိအိခင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမော်တို့မှ အမှာစကားများပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကိုစတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က ဦးဆောင်ဆွေးနွေးကာ Grade-9 ကျောင်းသူ မဇွန်ဖူးသက်ဝေအောင်မှ "လူငယ်နှင့်ရည်မှန်းချက်"၊ Grade-9 ကျောင်းသား မောင်သာထက်စံမှ "လူငယ်နှင့် ယဉ်ကျေးမှု"၊ Grade-11 ကျောင်းသူ မမျိုးသီရိကျော်မှ "လူငယ်နှင့် ကျန်းမာရေး"၊ Grade-11 ကျောင်းသူ မဖြိုးသီရိကျော်မှ "လူငယ်နှင့် မူးယစ်ဆေးဝါး" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းတွင်ပါဝင်ဆွေးနွေးခြင်းနှင့် မေးခွန်းမေးမြန်းကြသည့် ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ပညာရေးမှူးတို့မှ ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ရွှေရာသား)**

# တစ်သျှူးငှက်ပျောပင်ပေးအပ်ခြင်းနှင့် စိုက်ပျိုးပွဲ ကျင်းပ

**သရက် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၊ အခြေခံပညာမူလတန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့်စွက်စာအဖြစ် ကျွေးမွေးနိုင်ရေးအတွက် အမှတ်(၈)ပြည်တော်အေး ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီက တစ်သျှူးငှက်ပျောပင်ပေးအပ်ခြင်းနှင့် စိုက်ပျိုးပွဲကျင်းပသည်။

အဆိုပါ တစ်သျှူးငှက်ပျော စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)ဦးကျော်ကျော်နှင့် အမှတ်(၂)ဒေါက်တာညိုဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်တို့က ခရိုင်/မြို့နယ်ပညာရေးဌာန၊ အမှတ်(၃)အခြေခံပညာအလယ်တန်း ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများတို့အား တစ်သျှူးငှက်ပျောပင်များအား အသီးသီးပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)နှင့်အမှတ်(၂)၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများတို့က တစ်သျှူးငှက်ပျောပင်ပေါင်း (၂၄၀)ပင်အား ပျော်ပျော်ပါးပါး စိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



◆ စာမျက်နှာ ၂၄ မှ

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၆၂ လမ်းနှင့် ၆၄ လမ်းကြား မနော်ဟရီလမ်းရှိ မိလျံနာ ရွှေဆိုင်အား အမျိုးသားခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ သေနတ်ပစ်ဖောက်ဝင်ရောက်ကာ မှန်ကောင်တာများအား ပုဆိန်ဖြင့် ရိုက်ခွဲ၍ ရွှေထည်ပစ္စည်းမျိုးစုံ၊ စုစုပေါင်းရွှေချိန် ၈၅ ကျပ်သား ၄ ပဲခန့်(တန်ဖိုးငွေကျပ် ၅၉၂၉ သိန်း) ခန့်အား ဓားပြတိုက်လုယက်ယူဆောင် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

မိလျံနာ ရွှေဆိုင်အား လုယက်မှု ကျူးလွန်ရာတွင် သိန်းမြင့်(ခ) ရွှေဘိုမောင်နိုင် (ခ) မျိုးခိုင်(ခ)ကိုနိုင်က ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး လုယက်မှုကျူးလွန်ရန် ရွှေဆိုင်များအား လှည့်လည် ကြည့်ရှုခြင်းနှင့် လုယက်စဉ် ဆိုင်ရှေ့လမ်းပေါ်မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း၊ ရွှေဆိုင်အတွင်းသို့ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ) အကြီးကောင်က သေနတ်ပစ်ဖောက်ဝင်ရောက်၍ ကျော်စိုးဝင်းက ဆိုင်အပြင်မှ လေးခွဖြင့် ပစ်ခတ်ရန် အသင့်စောင့်နေခဲ့ပြီး ကောင်းခန့်ကျော်(ခ)ဘိုကောင်းက ပုဆိန်ဖြင့် မှန်ကောင်တာများအား ထုခွဲကာ ထက်ဝေကျော် (ခ) ကိုထက်နှင့် ရှိုင်းကို(ခ)ငရှိုင်းတို့ နှစ်ဦးက ရွှေထည်ပစ္စည်းများအား သယ်ယူခဲ့ကြကြောင်း၊ လုယက်မှု ကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင် (ခ) မျိုးခိုင်(ခ) ကိုနိုင်၏ နေအိမ်တွင် အရည်ကျိုပုံဖျက်၍ ၎င်း၏ဇနီးဖြစ်သူ အိအိချောနှင့် ချွေးမဖြစ်သူ နှင်းသန္တာအောင်(ခ)နှင်းနှင်းတို့က ၎င်းရွှေတုံးများအား ရန်ကုန်မြို့ရှိ မောင်မောင်မင်းဇော်(ခ) ကိုမင်း (ခ) ကျားကြီး၏ ချိတ်ဆက်ပေးမှုဖြင့် ရွှေရောင်း/ဝယ်လုပ်ကိုင်သူ နေလင်းထံတွင် ရောင်းချခဲ့ကြောင်း သိရသည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင် (ခ)မျိုးခိုင်(ခ)ကိုနိုင်၊ ကောင်းခန့်ကျော်(ခ)ဘိုကောင်း၊ အောင်ကျော်ဇော(ခ)အောင်ကျော်(ခ) အကြီးကောင်တို့ သုံးဦးသည် ထွန်းလင်းအောင်(ခ)နိုင်ကိုကိုနှင့် ဝေဖုန်းသူ (ခ)ဝေကြီးတို့ နှစ်ဦးနှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မဟာအောင်မြေ မြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ ပေါ်ဦးရွှေဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြကြောင်း၊ လုယက်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းများအား သန်းစိုးက ထုခွဲရောင်းချပေးခဲ့ကြောင်း သိရပြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ သန်းစိုး(၅၅)နှစ်၊ ထွန်းလင်းအောင် (ခ) နိုင်ကိုကို (၂၈) နှစ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် အောင်ကျော်ဇော (ခ) အောင်ကျော် (ခ)အကြီးကောင်သည် ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ မိုးမန္တလေးရွှေဆိုင်အား လုယက်မှုမှ ဖမ်းဆီးရမိတရားခံများဖြစ်ကြသည့် ငြိမ်းလင်းကိုကို(ခ) ငလက်မ၊ ရဲနိုင်စိုးနှင့် နိုင်လင်းခန့်(ခ)မိုးဒီ၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် အောင်ကျော်ဦး (ခ)ဆံရှည်၊ ဝေဖုန်းသူ (ခ)ဝေကြီးတို့နှင့်အတူ လုယက်မှုကျူးလွန်ခဲ့ကြောင်းလည်း ထပ်မံဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ချမ်းမြသာစည်မြို့နယ်ရှိ မိလျံနာရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံ သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင်(ခ) မျိုးခိုင်(ခ)ကိုနိုင်တို့ ခြောက်ဦးနှင့် ပူးပေါင်းပါဝင်သူ ငါးဦး စုစုပေါင်း တရားခံ ၁၁ ဦးတို့အား ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄၂ ကျပ်သား ၁၄ ပဲ ၃ ရွေး၊ ငွေကျပ်သိန်း ၅၄၀၊ SHG SAUER P 320 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်၊ ဆိုင်ကယ် လေးစီး၊ လေးခွ တစ်လက်၊ မူလီ (ကုန်းသီး) ၃၁ လုံးတို့နှင့် လည်းကောင်း။

မဟာအောင်မြေ မြို့နယ်ရှိ ပေါ်ဦးရွှေဆိုင်အား လုယက်ရာတွင် သိန်းမြင့်(ခ)ရွှေဘိုမောင်နိုင် (ခ)မျိုးခိုင်(ခ)ကိုနိုင်၊ အောင်ကျော်ဇော(ခ)အောင်ကျော် (ခ) အကြီးကောင်၊ ကောင်းခန့်ကျော်(ခ) ဘိုကောင်းတို့ သုံးဦးနှင့်အတူ ပူးပေါင်း ကျူးလွန်ခဲ့သူများဖြစ်ကြသည့် ထွန်းလင်းအောင်(ခ) နိုင်ကိုကိုနှင့် သန်းစိုးတို့ နှစ်ဦးအားလည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ လုယက်မှု နှစ်မှုမှ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း တရားခံ ၁၃ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် လုယက်မှုများမှ ဖမ်းဆီးရန်ကျန် တရားခံများနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## မာဆေးလ်အသင်းက နီမက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**ပါရီ ဩဂုတ် ၁**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ပြင်သစ်ကလပ်အသင်းများဖြစ်သည့် မာဆေးလ်အသင်းနှင့် နီမက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မာဆေးလ်အသင်းက နီမက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မာဆေးလ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၉ မိနစ်တွင် နီးလ်မူပေး၊ ပွဲချိန် ၅၇ မိနစ်တွင် ပါဇာအိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မာဆေးလ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၉ရက်တွင် ဘီလ်ဘာအိုအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၁၄ရက်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်လည်းကောင်း ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## လာခရွိုက်စ်ကို ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁**

ချဲလ်ဆီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား လာခရွိုက်စ်ကို စတာလင်ပေါင် ၅၂ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။



နောက်ခံကစားသမား လာခရွိုက်စ်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၈ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား လာခရွိုက်စ်သည်အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ချဲလ်ဆီးအသင်းက ယုံကြည်လျက်ရှိသည်။

ချဲလ်ဆီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ)

(NGB)

## ရိုဒရီ ကျောဒဏ်ရာခွဲစိတ်ကုသမှု အောင်မြင်ခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်သာ အနားယူရမည်

**လန်ဒန် ဩဂုတ် ၁**

ဝါရင့်ကွင်းလယ်ကစားသမား ရိုဒရီ ကျောဒဏ်ရာ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်သာ အနားယူရမည်ဖြစ်ကြောင်း မန်စီးတီးအသင်းမှ အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နောက်ကျောမှ တစ်ခါတစ်ရံ သက်သောင့်သက်သာမဖြစ်သလို ခံစားရမှုကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ရိုဒရီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၈ ပွဲကစားပြီး ၂၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်စီးတီးအသင်း၏ ထုတ်ပြန်ချက်တွင် "ရိုဒရီ နောက်ကျောဒဏ်ရာအသေးစားခွဲစိတ်မှု အောင်မြင်ပါတယ်။ သူ့အနေနဲ့ ပြန်လည်ထူထောင်နိုင်ဖို့ အချိန်အနည်းငယ်ပဲ အနားယူရမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ရိုးမားအသင်းသည် ဝုဖ်ဘတ်အသင်း နောက်ခံကစားသမား ကွန်စတန်တင်နို့စ်ကူလီယာကီစ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဂျူဗင်တပ်အသင်းသည် လေဗာကူဆင်အသင်း တောင်ပံကစားသမား ကရမ်အလှော့ဂျ်ဘီဂိုဗစ်ကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)



## 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Naomi Osaka တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျပန်တင်းနစ်မယ် Naomi Osaka တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂျပန်တင်းနစ်မယ် Naomi Osaka သည် 2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Ashlyn Krueger ကို ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Mubadala DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka နှင့် အီတလီတင်းနစ်မယ် Elisabetta Cocciaretto တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## မာမာဒူဆန်ဂါရေးကို ခေါ်ယူရန် ဘရန့်ဖို့ဒ်အသင်း စီစဉ်



**လန်ဒန် ဩဂုတ် ၁**

ပရီးမီးယားလိဂ်ကလပ် ဘရန့်ဖို့ဒ်အသင်းသည် လန်းစ်အသင်း ကွင်းလယ်ကစားသမား မာမာဒူဆန်ဂါရေးကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လန်းစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာမာဒူဆန်ဂါရေးကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဘရန့်ဖို့ဒ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လန်းစ်အသင်းမှ မာမာဒူဆန်ဂါရေးကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ရာဖေးလီယာအို အေစီမီလန်အသင်းမှ ထွက်ခွာဖွယ်ရှိ

**မီလန် ဩဂုတ် ၁**

တောင်ပံကစားသမား ရာဖေးလီယာအို လက်ရှိဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ရာဖေးလီယာအိုသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၁ပွဲကစားကာ ဂိုး ၈၀ သွင်းယူပြီး ခြေစွမ်းပြထားသည်။

အေစီမီလန်အသင်းကလည်း ရာဖေးလီယာအိုအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဝန်းကျင်အလိုရှိနေသည်။

ထို့ကြောင့် ရာဖေးလီယာအို အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အေစီမီလန်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားသွားမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## အက်ရှ်လီနဗီးလ် ချာလ်တန်အမျိုးသမီးအသင်းတွင် ကျောနံပါတ် (၂၉) ဂျာစီကို ဝတ်ဆင်ကစားမည်

**လန်ဒန် ဩဂုတ် ၁**

နောက်ခံကစားသမားသစ် အက်ရှ်လီနဗီးလ် ချာလ်တန်အမျိုးသမီးအသင်းတွင် ကျောနံပါတ် (၂၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်စတာစီးတီး အမျိုးသမီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေပြီး ချာလ်တန်အမျိုးသမီးအသင်းသို့ နှစ်နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား အက်ရှ်နဗီးလ်သည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ လက်စတာစီးတီး၊ ကိုဗင်ထရီ၊ စပို့တင်းစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ချာလ်တန်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ အက်ရှ်လီနဗီးလ်က "ကျွန်မ ချာလ်တန်အမျိုးသမီးအသင်းမှာ ကျောနံပါတ် (၂၉)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ"ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

## နည်းပြ အက်ဒီဟောင်း နယူးကာဆယ်အသင်းနှင့် လမ်းခွဲ



**လန်ဒန် ဩဂုတ် ၁**

နယူးကာဆယ်အသင်းသည် အသင်းနည်းပြ အက်ဒီဟောင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြ အက်ဒီဟောင်းသည် နယူးကာဆယ်အသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး အပြောင်းအရွှေ့ပေါ်လစီကိစ္စများကို ကြိုက်နှစ်သက်ခြင်းမရှိသောကြောင့် အသင်းမှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

နည်းပြ အက်ဒီဟောင်းသည် နယူးကာဆယ်အသင်းကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲပေါင်း ၂၃၁ ပွဲ တွင် ၁၁၂ ပွဲနိုင်၊ ၄၈ ပွဲသရေ၊ ၇၁ ပွဲ ရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

နယူးကာဆယ်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြအက်ဒီဟောင်းနဲ့ လမ်းခွဲခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို ခန့်အပ်နိုင်ဖို့ အမြန်ဆုံး ရှာဖွေသွားမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0-0-0

# ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး ၁/၂၀၂၆ သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်း ၁/၂၀၂၆ဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၈ရက် မွန်းလွဲပိုင်းက ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်၊ ခရိုင်ဥပဒေအရာရှိ ဦးလှမျိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦး၊ ဗိုလ်မှူးဝင်းလှိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုဇော်တို့က သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းသား အုပ်ချုပ်ရေးမှူးများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ ၁၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

လှဲ့လှဲ့နိုင်

*-*-*-*-*-*-*





# ဗုဒ္ဓရုပ်ပွားတော်နှင့် ကျွန်းပလ္လင်တော်ပြန်လည်ပင့်ဆောင်ပူဇော်

**မန္တလေး ဩဂုတ် ၁**

မန္တလေးလျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေး တက္ကသိုလ်ဓမ္မာရုံအား မန္တလေး တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ စေတနာအလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ပြုပြင်ခဲ့ရာ ဇူလိုင်နောက်ဆုံးပတ်တွင် ပြုပြင်ပြီးစီးခဲ့သည်။

မန္တလေးတက္ကသိုလ် ဓမ္မာရုံတွင် စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်နှင့် ကျွန်းပလ္လင်အား အလှူရှင် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ခတ္တာန်းနေ ဦးတင်မောင်မြင့်+ဒေါ်ဌေးဌေးဝင်း(TMM နိဗ္ဗာန်ကုန်ရောင်းဝယ်ရေး)မိသားစုက ရွှေအစစ်ချ၍ လှူဒါန်းပူဇော်ပြီးစီးခဲ့သဖြင့် ပြန်လည်ပင့်ဆောင်ပူဇော်ပွဲကို ဇူလိုင် ၂၇ရက် နံနက် ၉နာရီက ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်မှ မန္တလေးတက္ကသိုလ်ဓမ္မာရုံသို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတက္ကသိုလ်ဓမ္မာရုံ၊ သိမ်နှင့်အရိုးအိုးစေတီပြန်လည်တည်ဆောက်ရေးကော်မတီနာယက ဦးတင်မောင်နှင့် ကော်မတီဝင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြပြီး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

# ချမ်းသာလှတေးဂီတအဖွဲ့ တည်ထောင်မိတ်ဆက်ခြင်း ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၁**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ် ချမ်းသာလှဆေးကုသမှု ဆေးပေးခန်း ပရဟိတအဖွဲ့မှ ကြီးမှူးကျင်းပသော ချမ်းသာလှတေးဂီတ(ရန်ပုံငွေ)အဖွဲ့ တည်ထောင်မိတ်ဆက်ခြင်းကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက ဓမ္မစကြာဝိမာနကျောင်းတိုက်အတွင်းရှိ ပရိဝုဏ်အတွင်း၌ ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပရိသတ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ချမ်းသာလှဆေးကုသမှုဆေးပေးခန်း ပရဟိတအဖွဲ့ အတွင်းရေးမှူး ဦးရဲလင်းထွန်းက တေးဂီတအဖွဲ့ တည်ထောင်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမဲ့ ဆေးကုသပေးသော ဆရာဝန်လေးဦးအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။ ထို့နောက် နာယက ဦးထွန်းခင်က ချမ်းသာလှစေတီအသင်းတည်ထောင်မှုနှင့်စပ်လျဉ်း၍ ပြောကြားပြီး 'ပွင့်သောပန်းများ မွှေးပါစေ' တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် လူရွှင်တော် ဖိုးထောင်၊ ဇော်မှူး၊ မင်းနောင်၊ ဆိုင်းဆရာ မန္တလေးသားဗိုလ်နှင့် အဖွဲ့က မေတ္တာဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါ ချမ်းသာလှတေးဂီတအဖွဲ့တည်ထောင်ရခြင်းသည် အခမဲ့ဆေးခန်းအတွက်ဖြစ်ကြောင်း ဦးရဲလင်းထွန်းက ပြော သည်။



(ဓဲပုံ) (ဝ၉၁)

# မကွေး-ရေနံချောင်းလမ်းမှ ကန်သစ်ကျေးရွာသို့ ဆက်သွယ်သောလမ်းအား လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မကွေး ဩဂုတ် ၁**

မကွေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေတွင် မကွေး-ရေနံချောင်းလမ်းမှ ကန်သစ်ကျေးရွာလမ်း ကွန်ကရစ်လမ်းခင်းခြင်းကို တင်ဒါအောင်မြင်သည့် Ten Ten Myanmar Co., Ltd. မှ ငွေကျပ် ၄၃၂ ဒသမ ၄၄၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော (မကွေး-ရေနံချောင်း) လမ်းမှ ကန်သစ်ကျေးရွာသို့ ဆက်သွယ်ထားသော ၄ ဒသမ ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်းကို ဇွန် ၁၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိတွင် ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အလျား ၄ ဒသမ ၃ ဖာလုံ၊ ဒုအခြေခံအလွှာ အကျယ် ၁၆ ပေ၊ (၂၀-၄၀)ခွဲ ကျောက်ခြောက်လက်မထုဖြင့် ဒုအခြေခံလွှာခင်းကြိတ်၍ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ ၇လက်မ ထုကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးပါက ကျေးရွာငါးရွာ၊ အိမ်ထောင်စု ၁၃၅၄ စု၊ အိမ်ခြေ ၁၂၅၃၊ လူဦးရေ ၅၃၀၉ ဦးနှင့် စိုက်ပျိုးဧက ၈၈၄ ဒသမ ၃၁ အတွက် လမ်းပန်းဆက်သွယ်မှုပိုမိုလွယ်ကူပြီး လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်သည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)



# လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Ever Top ကိုယ်ပိုင်ပညာအလယ်တန်းကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ Ever Top ကိုယ်ပိုင်ပညာအလယ်တန်းကျောင်းမှ Grade-11 ကျောင်းသူ မဆောင်းနှင်းအိမ်က 'လူငယ်နဲ့ စာပေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ခန့်သူထိုက်က 'လူငယ်နဲ့ Social Media' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 ကျောင်းသူ မကေဇင်ပိုင်က 'လူငယ်နဲ့ မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်းတက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်နှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲမှ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်တို့အား ခင်းကျင်းပြသခဲ့ရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)

*-*-*-*-*-*-*



## ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း (PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ မြသိန်းတန်စေတီ ဝင်းအတွင်း မြသိန်းတန်မွှာရုံ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက 'ဒေသဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက 'ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်၊ ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးအောင်သွင်၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်မြတ်မိုးဦး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး အငယ်တန်းအင်ဂျင်နီယာ-၂ ဦးနိုင်လင်းတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍ ဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများကလည်း သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)

*-*-*-*-*-*-*

## ရတနာပုံတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ဘဝပြန်လည်ထူထောင်နိုင်အောင် ဆောင်ရွက်ရာတွင် အလွန်အရေးကြီးသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာ ဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ် (ကိုယ်စား) ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက အဖွင့်အမှာစကားနှင့် ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်တို့ကို ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့စုမှူး ရဲမှူး သူဇာလွင်က လူကုန်ကူးခံရသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းဆိုင်ရာများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်သည့်နည်းလမ်းများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် လူကုန်ကူးမခံရစေရေးအတွက် သတိပြုရမည့်အချက်များ၊ လူကုန်ကူးတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များကို ပါဝါပွိုင့်ဖြင့် အကျယ်တဝင့် ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ရဲမှူး သူဇာလွင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်းနိုင်က ဟောပြောဆွေးနွေးပေးသော ရဲမှူး သူဇာလွင်အား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၀၈၂)

## ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယာယီရုံး) အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစိုးစိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့်အဖွဲ့ဝင်များ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၉၇ ဦးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေး ဝန်ထမ်း ၉၇ ဦး၊ စုစုပေါင်း ၂၂၀ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသားများအား သင်တန်းပို့ချခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသားများကိုယ်စား ရဲစုရပ်ကွက်မှ သင်တန်းသား ဦးသန်းစိန်အား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းတွင် ပထမဆုရရှိသည့် ကျားကာကျေးရွာအုပ်စုမှ သင်တန်းသား ဦးတင်မျိုးလွင်၊ဒုတိယဆုရရှိသည့် ကလေးကျေးရွာအုပ်စုမှ သင်တန်းသား ဦးငွေးမြိုင်၊ တတိယဆုရရှိသည့် မြေစိုမိုးကျေးရွာ အုပ်စုမှ သင်တန်းသား ဦးအောင်မောင်းနှင့် ပူးတွဲစတုတ္ထဆုရရှိသည့် မင်းရပ်ရပ်ကွက်မှ သင်တန်းသား ဦးမြင့်ခိုင်၊ ဇရပ်ဖြူကျေးရွာအုပ်စုမှ သင်တန်းသား ဦးသက်နိုင်ဦး၊ အရှေ့ငယ်တိုးကျေးရွာအုပ်စုမှ သင်တန်းသား ဦးဝင်းနိုင်ဦးအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၅)



## စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းမှ စာရေးဆရာ ဝေဇင်ဦးရေးသားသည့် 'ပျော်ရွှင်ဖို့ရာ နည်း ၁၀၀' စာအုပ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေချစ်မြတ်နိုးသူများ၊ စာဖတ်ဝါသနာပါသူများ အသိပညာဗဟုသုတများဖလှယ်နိုင်စေရန်၊ မိတ်ဆွေအပေါင်းအသင်းတိုးပွားပြီး စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာဖတ်ဝိုင်း ဆွေးဆွေးပွဲများ ကျင်းပရခြင်းများကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာမောင်ခိုင်ကျော်(ကျောက်ဆည်)က စာရေးဆရာ ဝေဇင်ဦးရေးသားသည့် ပျော်ရွှင်ဖို့ရာနည်း ၁၀၀ စာအုပ်ပါ အကြောင်းအရာများဖြစ်သည့် ပျော်ရွှင်စရာအချိန်တစ်ခုရှိပါစေ၊ မကောင်းသည့်အကျင့်များကို ပြောင်းလဲပစ်ပါ၊ အခြားသူများကိုခွင့်လွှတ်ပါ၊ အာရုံစူးစိုက်ထားပါ၊ ဘဝကိုရိုးရှင်းအောင်လုပ်ပါ၊ မိမိအတွေးများကို စိန်ခေါ်ပါ၊ အကောင်းမြင်ဝါဒီအနေနှင့်စဉ်းစားပါ စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

## အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာ သင်တန်းဖွင့်

**ရမည်းသင်း ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးမှ လူငယ်များအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းဖြင့်ဖွင့်လှစ်သော အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ရွှေဒါးသာစည်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်းက သင်တန်းဖွင့်လှစ်သင်ကြားပို့ချရခြင်း၏ရည်ရွယ်ချက်အား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) **အောင်ပိုင်ဟိန်း**

# စိမ်းလန်းစိုပြည်သာယာလှပသော အနာဂတ်ကို ဖန်တီးရှင်များ

မြန်မာနိုင်ငံတွင် မိုးဦးကျချိန် ဇွန်လနှင့် ဇူလိုင်လတို့သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် မြေကြီးသည် စိမ်းလန်းလာသကဲ့သို့ လူတို့၏ စိတ်နှလုံးတွင်လည်း သဘာဝကို ပြန်လည်ထိန်းသိမ်းလိုသော အသိစိတ်များ နိုးကြားလာသည်။ ထိုအချိန်၌ နိုင်ငံတစ်ဝန်းရှိ ဌာနဆိုင်ရာများ၊ ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်းကျင်းပကြသည့် သစ်ပင်စိုက်ပျိုးပွဲတော်များသည် သာမန်လှုပ်ရှားမှုတစ်ခုမဟုတ်ဘဲ သဘာဝကို ချစ်မြတ်နိုးသော စိတ်ဓာတ်၏ ပြယုဂ်တစ်ရပ်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်(ပထမအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ကျင်းပခဲ့သည်ကို သိရှိရပါသည်။ သစ်ပင်စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပလျက်ရှိပါသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် လူသားဘဝ၊ သဘာဝပတ်ဝန်းကျင်နှင့် နောင်လာမည့် မျိုးဆက်များအတွက် အနာဂတ်ကို တည်ဆောက်ပေးနေသော အရေးပါသည့် တာဝန်တစ်ရပ် ဖြစ်သည်။ သစ်ပင်သည် သက်ရှိအားလုံးအတွက် အသက်ရှူရန်လိုအပ်သော အောက်ဆီဂျင်ကို ထုတ်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးသည့် သဘာဝ၏ အသက်ရှူစက်ကြီး ဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်များနှင့် လူတို့၏ နေ့စဉ်လှုပ်ရှားမှုများကြောင့် လေထုထဲတွင် ကာဗွန်ဓာတ်များ ပိုမိုများပြားလာနေချိန်တွင် သစ်ပင်များသည် ထိုကာဗွန်ဓာတ်များကို လျှော့ချပေးနိုင်သည့် အကောင်းဆုံးသဘာဝဖြေရှင်းချက်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှုသည် လူသားတို့ ရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုဖြစ်လာသည်။ နွေရာသီတွင် အပူချိန်များ ပိုမိုမြင့်လာခြင်း၊ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားလာခြင်းတို့မှာ သဘာဝတောတောင်များ ပျက်စီးလာမှုနှင့်လည်း ဆက်စပ်နေသည်။ ထို့ကြောင့် သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုကို ထိန်းညှိပေးရာတွင် ပါဝင်ကူညီနေသည့် လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။

သစ်ပင်များသည် မြေဆီလွှာကိုလည်း ကာကွယ်ပေးသည်။ အမြစ်များက မြေသားကို ခိုင်မာစွာ ထိန်းသိမ်းပေးသဖြင့် မိုးသည်းထန်စွာရွာသည့်အခါ မြေပြိုခြင်း၊ မြေဆီလွှာတိုက်စားခြင်းတို့ကို လျှော့ချပေးနိုင်သည်။ တောင်တန်းဒေသများတွင် သစ်တောများက ရေစီးဆင်းမှုကို ထိန်းညှိပေးပြီး မြစ်ချောင်းများအတွင်း သဲနုန်းများစုပုံမှုကို လျှော့ချပေးသည်။ ထို့အပြင် မြေအောက်ရေကိုလည်း ပြန်လည်ဖြည့်တင်းပေးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေရှည်အကျိုးကျေးဇူးများစွာ ရရှိစေသည်။

သစ်ပင်များသည် ငှက်များ၊ လိပ်ပြာများ၊ ပျားများနှင့် တောရိုင်းတိရစ္ဆာန်များ၏ အိမ်ရာလည်းဖြစ်သည်။ သစ်တောများ ပျက်စီးလာသည်နှင့်အမျှ သက်ရှိမျိုးစိတ်များလည်း ပျောက်ကွယ်လာကြသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းသည် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်လာရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လူသားတို့၏ နေ့စဉ်ဘဝတွင်လည်း သစ်ပင်၏ ကျေးဇူးမှာ မရေတွက်နိုင်ပေ။ သစ်ပင်များက အရိပ်အာဝါသပေးသည်။ လေကို အေးမြစေသည်။ ဖုန်မှုန့်နှင့် ဆူညံသံများကို လျှော့ချပေးသည်။ အသီးအနှံ၊ ပန်း၊ ဆေးဖက်ဝင်အပင်နှင့် သစ်သားများကိုလည်း ထုတ်ပေးသည်။ မြို့ပြများတွင် သစ်ပင်များ များပြားလာပါက ပတ်ဝန်းကျင်သည် ပိုမိုလှပလာပြီး လူတို့၏ စိတ်ဖိစီးမှုကိုလည်း လျှော့ချပေးနိုင်သည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုတွင်လည်း သစ်ပင်များကို တန်ဖိုးထားသည့် အစဉ်အလာရှိခဲ့သည်။ ကျေးရွာများတွင် ရွာဦးဘုန်းကြီးကျောင်းဝင်း၊ ဘုရားပရိဝုဏ်နှင့် ရွာအဝင်လမ်းများတွင် အရိပ်ရသစ်ပင်ကြီးများကို စိုက်ပျိုးထိန်းသိမ်းခဲ့ကြသည်။ ထိုသစ်ပင်များသည် အရိပ်အာဝါသပေးရုံသာမက လူမှုအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုနှင့် သဘာဝကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကိုလည်း ကိုယ်စားပြုခဲ့သည်။

သို့သော် သစ်ပင်စိုက်ပျိုးခြင်း၏ အောင်မြင်မှုကို စိုက်ပျိုးသည့် အရေအတွက်ဖြင့်သာ တိုင်းတာ၍မရနိုင်ပေ။ စိုက်ပျိုးပြီးနောက် ရေမှန်မှန်လောင်းပေးခြင်း၊ ပေါင်းရှင်းပေးခြင်း၊ တိရစ္ဆာန်များမဖျက်ဆီးနိုင်ရန် ကာကွယ်ပေးခြင်း၊ မီးဘေးမှကာကွယ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မှသာ သစ်ပင်ငယ်များသည် ရှင်သန်ကြီးထွားလာနိုင်မည်ဖြစ်သည်။ "စိုက်ပျိုးခြင်းထက် ရှင်သန်အောင်ထိန်းသိမ်းခြင်းက ပို၍အရေးကြီးသည်"ဟူသော အယူအဆကို လူတိုင်းလက်ကိုင်ထားသင့်သည်။

ယနေ့ခေတ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းသည် အစိုးရတစ်ရပ်၏ တာဝန်မဟုတ်တော့ဘဲ ပြည်သူတစ်ဦးချင်းစီ၏ တာဝန်လည်းဖြစ်လာသည်။ လူတစ်ဦးသည် မိမိနေအိမ်ဝင်း၊ ကျောင်း၊ လုပ်ငန်းခွင်၊ လမ်းဘေး(သို့မဟုတ်) ကျေးရွာအတွင်း သစ်ပင်တစ်ပင်စိုက်ပျိုးနိုင်ပါက သဘာဝအတွက် အကျိုးပြုနေခြင်းပင် ဖြစ်သည်။ မိသားစုတစ်စုက တစ်နှစ်လျှင် သစ်ပင်တစ်ပင် စိုက်ပျိုး၍ ကောင်းစွာပြုစုစောင့်ရှောက်နိုင်ပါက နှစ်အနည်းငယ်အတွင်း နိုင်ငံတစ်ဝန်း သစ်ပင်သန်းပေါင်းများစွာ တိုးပွားလာနိုင်သည်။

ထို့အပြင် ကလေးသူငယ်များအား သစ်ပင်ချစ်စိတ်၊ သဘာဝချစ်စိတ်နှင့် သဘာဝကို ထိန်းသိမ်းလိုသည့် အသိစိတ်များကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်။ ယနေ့စိုက်ပျိုးသည့် သစ်ပင်များသည် မနက်ဖြန်တွင် လူတို့အတွက် အရိပ်ရအပင်များ၊ အသီးပင်များ၊ လှပသောပတ်ဝန်းကျင်နှင့် ကျန်းမာသော လူ့ဘောင်တစ်ခုကို ဖန်တီးပေးမည်ဖြစ်သည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များသည် သစ်ပင်အရေအတွက်တိုးပွားလာစေရန်သာမက ပြည်သူများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိကို မြှင့်တင်ပေးသော လူမှုလှုပ်ရှားမှုကြီးတစ်ရပ်လည်း ဖြစ်သည်။ ထိုလှုပ်ရှားမှုများမှတစ်ဆင့် လူငယ်များတွင် စေတနာ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘာဝကို တန်ဖိုးထားသည့် စိတ်ဓာတ်များ ပိုမိုခိုင်မာလာစေသည်။

"ယနေ့စိုက်သော သစ်ပင်တစ်ပင်သည် မနက်ဖြန်မျိုးဆက်များအတွက် အရိပ်၊ အသက်ရှူလေ၊ ရေ၊ သဘာဝနှင့် မျှော်လင့်ချက်ကို ပေးစွမ်းနိုင်သော အမွေအနှစ်တစ်ခုဖြစ်သည်။"

နိဂုံးချုပ်အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ယနေ့အတွက်သာမဟုတ်ဘဲ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ သစ်ပင်တစ်ပင်သည် အရိပ်တစ်ခု၊ အသက်ရှူလေတစ်စိတ်တစ်ပိုင်း၊ ရေအရင်းအမြစ်တစ်ခု၊ သက်ရှိမျိုးစုံတို့၏ အိမ်တစ်လုံးနှင့် လူသားတို့၏ မျှော်လင့်ချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် မိုးရာသီရောက်တိုင်း သစ်ပင်စိုက်ပျိုးပွဲတော်များတွင် တက်ကြွစွာ ပါဝင်ကြပြီး စိုက်ပျိုးပြီးသော သစ်ပင်များကိုလည်း မိမိတို့၏ သား၊ သမီးများကဲ့သို့ ဂရုတစိုက်ပြုစုစောင့်ရှောက်ကြပါစို့။

**အောင်စိုး(လူမှုဝန်ထမ်း)**

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့်ဆရာကြီး၊ ဆရာမကြီးများအား အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ ဇူလိုင် ၃၀ ရက်က ဆီးရောဂါကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူခဲ့သော ဦးကျော်မင်း (ရူပဗေဒ)အား ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေကျပ်ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင်၊ ဥက္ကဋ္ဌဒေါက်တာ သီတာဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ ရူပဗေဒမိသားစု ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှလည်း ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်း ဂါရဝပြုပေးအပ်ခဲ့သည်။


မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ အနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၄၀၃ ဦးအား ငွေကျပ် သိန်း ၈၉၀ ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ




## ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်းပွဲ ကျင်းပ

**ရပ်စောက် ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်က မြို့ဦးရပ်ကွက်အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လွယ်ကိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ အဖွဲ့ဝင်ဦးသက်အောင်က အင်တောမြို့၊ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ အတွင်းရေးမှူး ရဲမှူးအေးမင်းသိန်းက ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအားလည်းကောင်း သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဂန့်ဂေါ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် မြို့နယ်အတွင်းရှိ အများပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် စနာရီခွဲက လူစည်ကားရာနေရာဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေကာ အသိပညာပေးခြင်းများကို ဆောင် ရွက်ခဲ့ကြသည်။

အဆိုပါ ရေဘေးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်သန်း၊ ခရိုင်သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်နှင့်ဝန်ထမ်းများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရှိုင်းသူနှင့်ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လဲ့ရည်လှိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ရေဘေးအန္တရာယ်မှကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ရေဘေးပညာပေးလက်ကမ်းစာစောင် ၂၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်မျိုးမင်း(ပြန်ဆက်)**

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀-၀



## Bakery နှင့် ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၁**

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးတက်လာစေရန်အတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ Bakery နှင့် ရေခဲမုန့်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လေ့ကျင့်ပျိုးထောင်ရေးစင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ ကုန်ချောပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများမှ ထုတ်လုပ်ထားသည့် Bakery နှင့် ရေခဲမုန့်အမျိုးမျိုးတို့ကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**




## ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းဖွင့်ပွဲကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဖြစ်သော အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသင်တန်းကျောင်း(ကျိုင်းတုံ)တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ကျိုင်းတုံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ သင်တန်းသို့ ဟိုတယ်၊ စားသောက်ဆိုင်များမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလ လေးပတ်ကြာ အခမဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပူနွေးကမ္ဘာသစ်ပင်စိုက်ပါ

* အသက်ရှည်လို သစ်ပင်ကို
စိုက်လိုကတွေး မျိုးစေ့ရွေးမည်
မျိုးစေ့မမှန် ပင်မသန်ဖြစ်
စိုက်ရန်ချိန်ရွေး မဒိုသေးလည်း
အရိပ်လေကာ စိုက်လိုသာစည်
နေကြာ၊ ချဉ်ပေါင် မီးဖိုချောင်တည်း။

* တစ်ပိုင်တစ်နိုင် မိုးဖြိုင်ဖြိုင်တွင်း
ဇူလိုင်လရေး စိုက်ခါပေးမည်
အဖန်ဖန်ပြန်ပြန် စိုက်ကြပြန်က
မကျန်ရွှေးစစ် ဟောင်းအသစ်နှင့်
သစ်တောသစ်ပင် တို့ချင်ခင်မှ
တစ်ခွင်ပြည်ရွာ စိမ်းစိုသာမည်။

* ပူနွေးကမ္ဘာ စိုက်ပျိုးပါ
သူဟာအကျိုး အရိပ်မိုး၏
စိုက်ပြီးအပင် ပေါင်းမြက်ပင်အား
မြစဉ်ထိန်းမှ ကြီးမြန်လှ၏
တစ်ပင်နှစ်ပင် သုံးလေးပင်စ
ရှင်လျှင်ကျိုးသစ် ဂေဟာစနစ်ဆီ။

* စိမ်းစိုသစ်ပင် ကာဗွန်စင်၏
စိုက်လျှင်လေထု အကျိုးပြု၏
ပေါင်းစုကမ္ဘာ ကျန်းမာစွာဖြင့်
ပြည်ရွာသစ်ပင် ရှင်စေချင်သည်
စိုက်စဉ်ခဏ မဖြစ်ရဘဲ
မှတ်ကြငွေကုန် ဤဖြစ်ပုံကား
မကြုံစေရ ဤကာလတည်း။ ။

**အိုးဝေ(မြေနီကျင်း)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၅)၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ(၀ ဒသမ ၀၄၅၄)ဧက အကျယ်အဝန်းရှိ ဦးအားပင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ၁။ဦးမျိုးမင်းအောင် (ဘ) ဦးအောင်သန်း (၈/ရစက(နိုင်)၁၁၄၉၇၂)၊ ၂။ဦးသန့်ဇင်ဖြိုး (ဘ)ဦးမန်းတင်(၉/ခမစ(နိုင်)၀၃၉၄၆၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၁)၊ ဦးပိုင်အမှတ်(၃၀+၃၁)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဒေါ်ကေခိုင်ရဲမြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးကျော်ထူး (ဘ)ဦးကျော်ရင်(၉/ပကခ(နိုင်)၀၁၅၁၈၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၄/၁)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးချစ်သွေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးဥက္ကာဇော် (ဘ)ဦးချမ်းငြိမ်းဇော်(၁/မကန(နိုင်)၀၇၃၁၈၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း) အမည်ပေါက်ဂရန်မြေကွက် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးလှိုင်အောင် (ဘ)ဦးစံထွန်း(၉/မရမ(နိုင်)၀၂၇၉၁၆) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၂)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုအရာခံဗိုလ်ကျော်ညွန့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးရဲဝင့်အောင် (ဘ)ဦးအောင်ဝင်းမြင့်(၉/ခအဇ(နိုင်)၀၄၈၃၁၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(D)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၂၉)၊ ဧရိယာဧက(၀ ဒသမ ၀၃၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရန်ကာတစ်ထပ် အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အောင်မေသန်း (၅/ဟမလ(နိုင်)၀၀၄၀၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အိမ်အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ထရန်ကာတစ်ထပ် အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးခွမ်ထိဝန်(၁၃/ကခန(နိုင်)၀၁၄၂၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အိမ်အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၃၇) မြေကွက်ပေါ်တွင် ဦးထွန်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မမန(နိုင်)၀၅၂၁၅၃)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(လ-၁)၊ ဦးပိုင်အမှတ်(၅၇+၆၁+၆၂) မြေကွက်ပေါ်တွင် ဒေါ်ခင်လှ (ခ)လင်မေကြူ(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(ဧည့်)၀၀၀၀၈၅)က မြေအောက်ထပ် RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံ ရပ်ကွက်၊ အကွက်အမှတ်(၄၉၂-က)၊ ဦးပိုင်အမှတ်(၂၁-ခဲစင်း)၊ ၅၆လမ်း၊ ၂၃လမ်းနှင့်ငါးလုပ်ငန်းဦးစီးကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းခိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀၈၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမင်းမင်းသန့်(၉/ခအဇ(နိုင်)၀၃၀၂၇၅)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်း ပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသား ရိုးရာအတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဂုတ်ထိပ်(၁)အဆန် ပြင်ဦးလွင်-ဂုတ်ထိပ် RBE ရထားလမ်းချော်မှုဖြစ်ပွား



နေပြည်တော် ဩဂုတ် ၁

မန္တလေး-လားရှိုးလမ်းပိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဘူတာမှ ထွက်ခွာလာသော ဂုတ်ထိပ်(၁) အဆန် ပြင်ဦးလွင်-ဂုတ်ထိပ် ခရီးစဉ်ပြေးဆွဲသော တွဲနှစ်တွဲပါ RBE ရထားသည် ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်နှင့် ပွဲကောက်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၄၂၆/၃ နှင့် ၄၂၆/၄ အကြား ပြင်ဦးလွင်မှ မိုးကြိုးပစ်ကျေးရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းနှင့် ရထားသံလမ်း တရားမဝင်လမ်းကူးသို့ နံနက် ၈ နာရီ ၁၇ မိနစ်၌ ရောက်ရှိဖြတ်သန်းစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားသံလမ်းပေါ်သို့ သဲများနှင့် မြေသားများ ဖုံးလွှမ်းနေသဖြင့် ရထားတွဲဆိုင်းပါဦးဆောင်တွဲ RBE-30106 တစ်တွဲ လမ်းချော်မှုဖြစ်ပွားခဲ့သည်။

ဂုတ်ထိပ်(၁) အဆန် RBE ရထား ပြင်ဦးလွင်-ပွဲကောက်အကြား လမ်းချော်မှုနှင့် လမ်းချော်သည့် တွဲအား ပြန်လည်မတင်နေသည်ကို တွေ့ရစဉ်။

အဆိုပါရထားတွင် ခရီးသည် ၆၁ ဦးပါရှိပြီး ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ခရီးသည်များအား ပြင်ဦးလွင်ဘူတာရှိ RBE-25801 ရထားဖြင့် ဖြစ်ပွားရာသို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ နံနက် ၁၁ နာရီ ၁၁ မိနစ်တွင် ပြင်ဦးလွင်သို့ ပြန်လည်ရောက်ရှိ၍ ခရီးသည်များ၏ ကျသင့်လက်မှတ်ခငွေများကို ပြန်လည်ပေးအပ်ခဲ့သည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် သံလမ်း/တွဲလုပ်သားများသည် နံနက် ၉ နာရီခွဲတွင် ရောက်ရှိပြီး ရထားလမ်းပိုင်းကို နေ့ချင်းပြီး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းချော်ကျသည့် ရထားတွဲအား 'မ'တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။ သတင်းစဉ်

## ခြေစမ်းပွဲစဉ်တွင်ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဒဂုံစတားယူနိုက်တက် အသင်းတို့၏ ခြေစမ်းပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက၊ YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်အသင်းက သာယာဝင်း ထက်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ရန်ကုန်အသင်းတွင် လက်ရွေးစင်ကစားသမားများနှင့် ကောင်းစည်သူ၊ ပြည်မိုး၊ မူစတာဖာ တို့ပါဝင်ခဲ့ခြင်းမရှိဘဲ ကျန်ရှိသည့် ကစားသမားများနှင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ဒုတိယပိုင်းတွင် ရရှိခဲ့ခြင်းဖြစ်ပြီး သာယာဝင်းထက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0

## မန္တလေးမြို့ရှိ မီလျံနာရွှေဆိုင်နှင့် ပေါ်ဦးရွှေဆိုင်တို့ကို ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ၁၀ ဦး၊ အမျိုးသမီးသုံးဦး ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မီလျံနာရွှေဆိုင်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပေါ်ဦးရွှေဆိုင်တို့အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးသုံးဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ◆



### မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁ - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ